# ပြည်ပတွင် အလုပ်လုပ်ကိုင်လျက်ရှိကြသည့် မြန်မာနိုင်ငံသားများ၏ လစာငွေ သို့မဟုတ် အခြားဝင်ငွေကို ဘဏ်လမ်းကြောင်းမှ လွှဲပို့ငွေ၏ ၅ ရာခိုင်နှုန်းဖြင့် လျှပ်စစ်သုံးမော်တော်ယာဉ် / လျှပ်စစ်သုံး မော်တော်ဆိုင်ကယ်ကို အထူးအစီအစဉ်တစ်ရပ်အနေဖြင့် တင်သွင်းခွင့်ပြု

နေပြည်တော် ဖေဖော်ဝါရီ ၂၁

နိုင်ငံတော်တွင် လျှပ်စစ်သုံးယာဉ်များ အသုံးပြုမှု ပိုမိုတိုးတက်ဖြစ်ထွန်းစေရန်နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကိုပူအား အထောက်အကူပြုရန်ရည်ရွယ်၍ ပြည်ပတွင် အလုပ်လုပ်ကိုင်လျက်ရှိကြသည့် မြန်မာနိုင်ငံသားများက မိမိတို့ရရှိသည့် လစာငွေ သို့မဟုတ် အခြားဝင်ငွေများကို မြန်မာနိုင်ငံသို့ ဘဏ်လမ်းကြောင်းမှတစ်ဆင့် ပြန်လည်လွှဲပို့ခြင်းအပေါ် အထူးအစီအစဉ်တစ်ရပ်အနေဖြင့် လျှပ်စစ်သုံးမော်တော်ယာဉ်/ လျှပ်စစ်သုံးမော်တော်ဆိုင်ကယ် တင်သွင်းရန်အတွက် "ပုံမှန်လစာရရှိသူများ (သင်္ဘောသားများအပါအဝင်)နှင့် အခြားဝင်ငွေရရှိသူများသည် တစ်နှစ်အတွင်း အမေရိကန် ဒေါ်လာ ငါးသောင်းနှင့်အထက် လွှဲပို့ပါက စုစုပေါင်းလွှဲပို့ငွေ၏ ၅ ရာခိုင်နှုန်း တန်ဖိုးနှင့်ညီမျှသော လျှပ်စစ်သုံးမော်တော်ယာဉ် / လျှပ်စစ်သုံးမော်တော်ဆိုင်ကယ် တစ်နှစ်လျှင် တစ်စီးနှုန်း" ဖြင့် ခွင့်ပြုဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အကျုံးဝင်သူများအနေဖြင့် လျှပ်စစ်သုံးမော်တော်ယာဉ်/ လျှပ်စစ်သုံးမော်တော်ဆိုင်ကယ်တင်သွင်းခွင့်ပြုရာတွင် တစ်ဦးတစ်ယောက်ချင်းတင်သွင်းမှုနှင့် တစ်ဦးတစ်ယောက်ချင်း တင်သွင်းရန် ယာဉ်တန်ဖိုးမပြည့်မီပါက စုပေါင်း၍ တင်သွင်းမှုတို့ကို ခွင့်ပြုပေးမည်ဖြစ်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ၂၀၂၃ ခုနှစ် အောက်တိုဘာ ၂၆ ရက်တွင် အသိပေးထုတ်ပြန် ကြေညာထားပြီးဖြစ်သည်။

အဆိုပါ လျှပ်စစ်သုံးမော်တော်ယာဉ် / လျှပ်စစ်သုံးမော်တော်ဆိုင်ကယ် ဝယ်ယူတင်သွင်းခွင့်ပြုသည့် အစီအစဉ်ကို ၂၀၂၃ ခုနှစ် အောက်တိုဘာ ၁၆ ရက်မှ စတင်ရေတွက်ခွင့်ပြုသွားမည်ဖြစ်ကြောင်း သိရပြီး အသေးစိတ်သိရှိလိုပါက ဖုန်းနံပါတ် ၀၆၇-၃၄၀၈၄၃၃ နှင့် Email - dottraining2006@ gmail.com တို့ကို ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

သတင်းစဉ်